ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံစာရင်းကောင်စီ
## စာရင်းကိုင်အလုပ်သင်နှင့်ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများကြီးကြပ်ရေးကော်မတီ
## ရုံးအမိန့်

အမှတ် ။ ၇၀ ။ ရက်စွဲ၊ ၂၁ -၃-၂၀၁၈

အကြောင်းအရာ ။ **လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း)သင်တန်း၊အမှတ်စဉ်-၄၃ စာမေးပွဲ အချိန်စာရင်းထုတ်ပြန်ခြင်း**

၁။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်း၊ အမှတ်စဉ်-၄၃ စာမေးပွဲကို နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အောက်ပါအချိန်ဇယားအတိုင်း ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီထိ နေ့စဉ် ကျင်းပပါမည်-

| ရက်စွဲ | ဘာသာရပ် |
|---|---|
| ၁၇-၅-၂၀၁၈ (ကြာသပတေးနေ့) | Advanced Accounting & Financial Reporting I |
| ၁၈-၅-၂၀၁၈ (သောကြာနေ့) | Practical Auditing I |
| ၂၁-၅-၂၀၁၈ (တနင်္လာနေ့) | Cost & Management Accounting I |
| ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) | Business Mathematics & Statistics |
| ၂၃-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) | Commercial & Industrial Laws |
| ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) | Financial & Service Regulation |

၂။ မြန်မာနိုင်ငံစာရင်းကောင်စီတွင် သင်တန်းသားအဖြစ်မှတ်ပုံတင်ထားသည့် ပုဂ္ဂိုလ်များသည် ဖြေဆိုခွင့်လျှောက်လွှာကို မြန်မာနိုင်ငံစာရင်းကောင်စီရုံး (၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့)တွင် ဝယ်ယူ၍ **၂၆-၃-၂၀၁၈ မှ ၆-၄-၂၀၁၈** နေ့အတွင်း ရုံးဖွင့်ရက်များ၌ (၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီ အတွင်း) စာမေးပွဲကြေး ကျပ် **၅,၀၀၀**၊ လျှောက်လွှာကြေး ကျပ် **၁,၀၀၀** စုစုပေါင်း ကျပ် ၆၀၀၀ ပေးသွင်းပြီး ယင်းငွေရပြေစာမူရင်း၊ **လိုင်စင်ဓာတ်ပုံ ၃ ပုံနှင့်** နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)နှင့်အတူ လျှောက်လွှာတင်သွင်းရမည်။

၃။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်နေသူများသည် အပိုဒ် (၂) ပါ သက်မှတ်ချက်များအတိုင်း ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများမှတဆင့် သတ်မှတ်ရက်အတွင်း လျှောက်လွှာတင်သွင်းရမည်။

၄။ ဖြေဆိုခွင့်ရသူများစာရင်းနှင့် စာမေးပွဲဖြေဆိုရမည့် နေရာများစာရင်းကို **၂၇-၄-၂၀၁၈ နေ့**တွင် မြန်မာနိုင်ငံစာရင်းကောင်စီရုံးနှင့် ဤရုံး Website ဖြစ်သည့် www.oagmac.gov.mm တွင် ထုတ်ပြန်ထားပါမည်။

၅။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **၇-၅-၂၀၁၈ မှ ၁၆-၅-၂၀၁၈** နေ့အတွင်း ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ထုတ်ပေးပါမည်။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများမှ လျှောက်လွှာတင်သွင်းသူများမှအပ နေပြည်တော်စာဖြေဌာနတွင်ဖြေဆိုမည့်သူများသည် နေပြည်တော်သင်တန်းကျောင်းတွင်လည်းကောင်း၊ ရန်ကုန်စာဖြေဌာနတွင်ဖြေဆိုမည့်သူများသည် မြန်မာနိုင်ငံစာရင်းကောင်စီရုံး၌လည်းကောင်း၊ မန္တလေးစာဖြေဌာနတွင်ဖြေဆိုမည့်သူများသည် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတွင်လည်းကောင်း ထုတ်ယူရပါမည်။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများမှ လျှောက်လွှာတင်သွင်းသူများအား သက်ဆိုင်ရာကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများမှ ထုတ်ပေးပါမည်။ **စာမေးပွဲစတင်ဖြေဆိုသည့်နေ့တွင် လုံးဝ ထုတ်ပေးမည် မဟုတ်ပါ။**

၆။ သက်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအတွက် မည်သည့် အကြောင်းပြချက်ကိုမျှ လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

ခင်စန်းဦး
ဥက္ကဌ

စာအမှတ်၊ မစက/၄၀၄ (၂၅၆ / ၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်
ဖြန့်ဝေခြင်း

ဥက္ကဌ၊ မြန်မာနိုင်ငံစာရင်းကောင်စီ
စာရင်းကိုင်အလုပ်သင်နှင့်ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများကြီးကြပ်ရေးကော်မတီဝင်များ
ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး
ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ
ကြော်ငြာသင်ပုန်း
ရုံးအမိန့်ဖိုင်
ရုံးလက်ခံ
မျှော

ခင်ပြုံးရီ
ညွှန်ကြားရေးမှူး